**နျူကလီးယားလုံခြုံရေးဆိုင်ရာအပြည်ပြည်ဆိုင်ရာညီလာခံတွင်**
**မြန်မာအမြဲတမ်းကိုယ်စားလှယ် မိန့်ခွန်းပြောကြား**
(၂၁-၅-၂၀၂၄ ရက်၊ ဗီယင်နာ)

အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီ (IAEA)က ကြီးမှူး၍ နျူကလီးယား လုံခြုံရေးဆိုင်ရာအပြည်ပြည်ဆိုင်ရာညီလာခံကို ဩစတြီးယားနိုင်ငံ၊ ဗီယင်နာအပြည်ပြည်ဆိုင်ရာစင်တာတွင် ၂၀-၅-၂၀၂၄ ရက်မှ ၂၄-၅-၂၀၂၄ ရက်အထိ ကျင်းပလျက်ရှိပြီး၊ ဗီယင်နာမြို့အခြေစိုက် ကုလသမဂ္ဂနှင့် အခြားနိုင်ငံတကာအဖွဲ့အစည်းများဆိုင်ရာမြန်မာအမြဲတမ်းကိုယ်စားလှယ်သံအမတ်ကြီး ဦးမင်းသိမ်းသည် ညီလာခံ၏ ဝန်ကြီးအဆင့်အစည်းအဝေးကာလအတွင်း ၂၁-၅-၂၀၂၄ ရက်တွင် မိန့်ခွန်းပြောကြားခဲ့ပါသည်။

မြန်မာအမြဲတမ်းကိုယ်စားလှယ်က မိန့်ခွန်းပြောကြားရာ၌ အဖွဲ့ဝင်နိုင်ငံများ၏ နျူကလီးယားလုံခြုံရေးဆောင်ရွက်ချက်များသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက်သာမက သက်ဆိုင်ရာနိုင်ငံအသီးသီးရှိ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်ရာတွင် ငြိမ်းချမ်းစွာ အသုံးပြုသောနျူကလီးယားလုပ်ငန်းများအပေါ် ပြည်သူများ၏ ယုံကြည်မှုကိုလည်း မြှင့်တင်ပေးနိုင်ကြောင်း၊ ကမ္ဘာတစ်ဝှမ်းတွင် နျူကလီးယားဘေးကင်းရေး၊ လုံခြုံရေးနှင့် မပြန့်ပွားရေးခိုင်မာစေရန် IAEA ၏ ကြိုးပမ်းမှုများကို မြန်မာနိုင်ငံက အသိအမှတ်ပြုကြောင်း ပြောကြားခဲ့ပါသည်။

ထို့အပြင်၊ ၂၀၁၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော မြန်မာနိုင်ငံ၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၌ ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်အမှတ်၊ ၁၅၄၀ ကို အခြေခံထားသည့် နျူကလီးယားလုံခြုံရေးဆိုင်ရာဆောင်ရွက်ရမည့်အချက်များကို ထည့်သွင်းဖော်ပြထားကြောင်း၊ မြန်မာနိုင်ငံသည် နျူကလီးယားဒြပ်ပစ္စည်းများအား ရုပ်ပိုင်းဆိုင်ရာ အကာအကွယ်ပေးမှု ပဋိညာဉ်စာချုပ်(CPPNM) နှင့် ယင်းစာချုပ်၏ပြင်ဆင်ချက်တို့ကို ၂၀၁၇ ခုနှစ်တွင် အတည်ပြုပါဝင်ခဲ့ပြီး၊ ရေဒီယိုသတ္တိကြွအရင်းအမြစ်များ ဘေးကင်းရေးနှင့်လုံခြုံရေးဆိုင်ရာ ကျင့်ထုံးဥပဒေ ကိုလည်း နိုင်ငံရေးကတိကဝတ်ပြုထားကြောင်း၊ ထို့ပြင် ၂၀၂၂ ခုနှစ်တွင် IAEA Incident and Trafficking Database (ITDB) သို့ ပါဝင်ခဲ့ပြီး၊ IAEA ၏ နျူကလီးယားပစ္စည်းများအား ထောက်လှမ်းရှာဖွေမှုနည်းပညာများနှင့် စက်ကိရိယာများ အသုံးချခြင်းဆိုင်ရာ သုတေသနစီမံကိန်းတွင်လည်း ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နျူကလီးယားနှင့် အခြားရေဒီယိုသတ္တိကြွပစ္စည်းများနှင့် အသုံးပြုသည့်နေရာများအားလုံး ထိရောက်စွာဖြင့် အလုံးစုံလုံခြုံမှုရှိရေးအတွက် ရေရှည်မြှင့်တင်ဆောင်ရွက်သွားရန် ထပ်လောင်း အတည်ပြုကြောင်းတို့ကို ထည့်သွင်းပြောကြားခဲ့ပါသည်။

********

**Myanmar Permanent Representative delivers Statement at the International Conference on Nuclear Security (21–5–2024, Vienna)**

Ambassador U Min Thein, Permanent Representative of the Republic of the Union of Myanmar to the United Nations and Other International Organizations in Vienna delivered a statement at the Ministerial Segment on 21 May 2024 during the International Conference on Nuclear Security (ICONS2024) organized by International Atomic Energy Agency (IAEA) at the Vienna International Center which is being held from 20 to 24 May 2024.

The Myanmar Permanent Representative mentioned in his statement that Member States' nuclear security measures would not only contribute to international peace and security but also enhance public confidence in the peaceful use of nuclear applications in implementing sustainable development in respective countries. Myanmar recognizes IAEA's efforts to strengthen global nuclear safety, security, and non-proliferation.

He added that the Terrorism Law enacted in Myanmar in 2014 stipulates nuclear security measures which are based on UN Security Council Resolution 1540. Myanmar acceded to the Convention on Physical Protection of Nuclear Materials (CPPNM) and its amendment in 2017 and has made political commitment for the Code of Conduct on Safety and Security of Radioactive Sources. Myanmar joined the IAEA's Incident and Trafficking Database (ITDB) in 2022 and also has been participating in the Agency's Coordinated Research Project relating to application of nuclear detection techniques and equipment. He reiterated Myanmar's commitment to sustain and strengthen effective and comprehensive nuclear security of all nuclear and other radioactive material and facilities.

********




မြန်မာအမြဲတမ်းကိုယ်စားလှယ် နျူကလီးယားလုံခြုံရေးဆိုင်ရာ
အပြည်ပြည်ဆိုင်ရာညီလာခံ၏ ဝန်ကြီးအဆင့်အစည်းအဝေးတွင် မိန့်ခွန်းပြောကြားစဉ်




မြန်မာအမြဲတမ်းကိုယ်စားလှယ် နျူကလီးယားလုံခြုံရေးဆိုင်ရာ
အပြည်ပြည်ဆိုင်ရာညီလာခံ၏ ဝန်ကြီးအဆင့်အစည်းအဝေးတွင် မိန့်ခွန်းပြောကြားစဉ်